## ဓမ္မခန္ဓာ (၉၃) တောက်ပခြင်း (အလ်–သွိုဟာ)

ဥဘဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၁)၊ သုတ်ဒေသနာ (၁၁)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **وَالضُّحَى**۞<br>နေတောက်ပ အားဖြင့်– |
| ၂။ | **وَاللَّيْلِ إِذَا سَجَى**۞<br>ည–ဝှင်းကို အပေါ်ယံလွှမ်းကာခြင်း အားဖြင့်– |
| ၃။ | **مَا وَدَّعَكَ رَبُّكَ وَمَا قَلَى**۞<br>ကံကြမ္မာရှင်က သင့်အား လျှစ်လျူရှုထားခြင်း မရှိ၊ ငြိုငြင်ခြင်းလည်း မရှိချေ။[၁၆၇] |
| ၄။ | **وَلَلْآخِرَةُ خَيْرٌ لَّكَ مِنَ الْأُولَى**۞<br>နောင်အဆင့်သည် သင့်အတွက် ပထမအဆင့်ထက် ပိုမိုကောင်းမွန်၏။[၁၆၈] |
| ၅။ | **وَلَسَوْفَ يُعْطِيكَ رَبُّكَ فَتَرْضَى**۞<br>ကံကြမ္မာရှင်က သင့်အား ကျေနပ်နှစ်သက်မှုကို လက်ဆောင်ပေးလတ္တံ့။ |
| ၆။ | **أَلَمْ يَجِدْكَ يَتِيمًا فَآوَى**۞<br>အရှင်သည် သင့်အား မိဘမဲ့အဖြစ် တွေ့တော်မူ၍၊ ခိုလှုံရာ ပေးခဲ့သည် မဟုတ်လော။[၁၆၉] |

---

**(၁၆၇)** သမိုင်းဆရာတို့၏ ဝါဒမှိုင်းနောက်သို့ လိုက်၍– ဆရာတော်ကြီး အများစုက ဤသုတ်တော်သည်– ကိုယ်တော်မုဟမ္မဒ်အား ဥဘဏ်စဉ်ကိန်းဝပ်ပေးမှု အဆက်ဖြတ်ထားပြီးမှ– ပြန်လည် ဥဘဏ်စဉ်ကိန်းဝပ်ခြင်း ဖြစ်သောကြောင့် အလ္လာဟ်အရှင်က ကိုယ်တော်အား နှစ်သိမ့်သော သုတ်တော်ဖြစ်သည်ဟု မဆီမဆိုင် ရေးသားကြပေသည်။ ထိုရှင်းလင်းချက်များကို လိုက်၍– အစ္စလာမ် ဆန့်ကျင်ရေးသမားများက အလ္လာဟ် အရှင်က ကိုယ်တော့အား စိတ်ကောက်နေသယောင် ရေးသားကြတော့သည်။ ဤသုတ်တော်ကို မည်သည့် ရှုဒေါင့်မှ ဖတ်သည် ဖြစ်စေ– ထိုဆရာတော်ကြီးများ ဖွင့်ဆို သကဲ့သို့ မဟုတ်ကြောင်းကို ရိုးရိုးရှင်းရှင်းပင် မြင်နိုင် တွေ့နိုင်ပေသည်။ ဤသုတ်တော်က ဆိုလိုချက်မှာ– မိုးဖလာ ည အမှောင်ကြီးသည် အမြေးပါးဖြင့် ဖုံးလွှမ်း တည်ငြိမ်နေချိန် (၂)၊ ကိုယ်တော်သည် ထွန်းလင်းတောက်ပလာခဲ့ပြီ (၁)– အလ္လာဟ်အရှင်က ကိုယ်တော့အား မည်သည့် အခါတွင်မှ ပစ်ပယ်ထားခြင်း– ငြိုငြင်ခြင်းမရှိဟု– ကိုယ်တော်အပေါ်၌ မပြတ်မစဲ ကိန်းသက်နေသော လမ်းညွှန် ကရုဏာ၊ အဖုံဖုံကို အတည် ပြုပြောထားခြင်းသာ ဖြစ်ပေသည်။ ကိုယ်တော့အား ဥဘဏ်စဉ်ကိန်းဝပ်ပေးမှု ဖြတ်တောက်ထားခဲ့သည်ဟု မည်သည့် စကားလုံးကမှ ဆိုထားခြင်း မရှိချေ။

**(၁၆၈)** ကိုယ်တော်၏ အဆင့်သည်သည် တစ်ဆင့်ထက် တစ်ဆင့် မြင့်တက်လာရမည်၊ အစ္စလာမ် သာသနာ၏ အဆင့်သည် တစ်ဆင့်ပြီး တစ်ဆင့် မြင့်တက်ကောင်းမွန်လာရမည်ဟု အလ္လာဟ်အရှင်က ကတိတော် ပေးထားခြင်း ဖြစ်ပေသည်။ ထိုအချက်ကို သုတ်တော် (၅)မှ သင့်အား ကျေနပ် နှစ်သက်စေမည်ဟူသည့် ဝါကျက အတိအကျ ထပ်မံပြောဆိုပေသည်။

**(၁၆၉)** ကုရ်အာန်ကျမ်းသည် ပရမတ်ဘုရားရှင် ဖြစ်သော အလ္လာဟ်အရှင်၏ ထံတော်မှ တိုက်ရိုက် ဥဘဏ်စဉ်ကိန်းဝပ်ပေးသော ကျမ်းဖြစ်ကြောင်း ဤသုတ်တော်များက သက်သေခံလျှက် ရှိပေသည်။ ကိုယ်တော်မုဟမ္မဒ်သည် မိဘမဲ့ ကလေးဖြစ်သည်၊ ကိုယ်တော်၏ ခမည်းတော် အဗ္ဗဒူလာဟ်မှာ ကိုယ်တော်အား မမွေးဘွားမီ သုံးလ အလိုတွင် ကွယ်လွန်သွားခဲ့သည်၊ မယ်တော် အမီနာမှာ ကိုယ်တော် အသက် ၆ နှစ်သား၌ ကွယ်လွန်သွားခဲ့သည်။ အာရဗ် လောကတွင် မိဘမဲ့သားသမီးများမှာ အလွန်မျက်နှာငယ်ရပေသည်။ သို့သော် ကိုယ်တော့အား သြဇာကြီးမားသော ဘိုးတော်

| | |
|---|---|
| ၇။ | **وَوَجَدَكَ ضَالًّا فَهَدَىٰ**۞<br>အရှင်သည် သင့်အား လွဲရှောင်နေခြင်း၌[၁၁၇၀] တွေ့တော်မူ၍၊ လမ်းညွှန်ခဲ့ပြီ မဟုတ်လော။ |
| ၈။ | **وَوَجَدَكَ عَائِلًا فَأَغْنَىٰ**۞<br>အရှင်သည် သင့်အား ချို့တဲ့မှု၌ တွေ့တော်မူ၍၊ ပြည့်စုံစေခဲ့ပြီ မဟုတ်လော။ |
| ၉။ | **فَأَمَّا الْيَتِيمَ فَلَا تَقْهَرْ**۞<br>မိဘမဲ့တို့အား အညွှန့်မကျိုးစေရန် အတွက်။[၁၁၇၁] |
| ၁၀။ | **وَأَمَّا السَّائِلَ فَلَا تَنْهَرْ**۞<br>တောင်းခံလာသူတို့အား ခွန်းတုံ့မလှန်ရန် အတွက်၊[၁၁၇၂] |
| ၁၁။ | **وَأَمَّا بِنِعْمَةِ رَبِّكَ فَحَدِّثْ**۞<br>ကံကြမ္မာရှင်၏ ဂုဏ်ပေးခြင်းဖြင့် ဆင့်ပြန်ကြလော့။[၁၁၇၃] |

---

အဗ္ဗဒူ မိတ္တာလာ့က်ဗ် မှ မွေးစားခဲ့၍၊ နောင် ၂ နှစ်အကြာ ဘိုးတော် ဆုံးသွားသောအခါ– သြဇာကြီးမားသော ဦးလေးတော် အဘူ တွာလာ့က်ဗ်က မွေးစားခဲ့ပြန်သည်၊ ယခု ဤသုတ်ဒေသနာတော်အား ကိုယ်တော့ထံသို့ ကိန်းဝပ်ကျရောက်နေသော အချိန်တွင် ကိုယ်တော်သည် ကုန်သည် သူဌေးကြီးဘဝကို ဖြတ်သန်းပြီးသည့် အပြင်– နောက်ဆုံးပွင့် ဥဂ္ဃာစဉ်ဆောင်ဘွဲ့ကို ဆိုက်မြိုက်ဆွတ်ခူးနေချိန် ဖြစ်သည်။ သို့သော် လူသားအနေဖြင့် ကြည့်လျှင် ကိုယ်တော်၏– ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သည်ဟု ခံစားစရာ ဖြစ်သော "မိဘမဲ့ဘဝ"ဆိုသည်ကို ပြန်လည် ဖော်ပြနေပေသည်။ အမှန်တရားကို ဖွင့်ဟခြင်းကြောင့် သိက္ခာကျစေသည် ဟူသည့် မဆီမဆိုင် နိယာမကို အလ္လာဟ်အရှင်က ဤသုတ်တော်အားဖြင့် ပါယ်ဖျက်ခြင်း ဖြစ်ပေသည်။ ကိုယ်တော် မုဟမ္မဒ်ကိုယ်တိုင် ပြန်လည် ရွတ်အံရသော ကုရ်အာန် ကျမ်းတော်၌ ဤသို့ပြန်လည် ဖော်ပြခြင်းကိုယ်တိုင်က ဤကျမ်းတော်သည် ကိုယ်တော် မုဟမ္မဒ်၏ လူသား သဘောထားနှင့် တည်းဖြတ် ပြုပြင်ထားသော ကျမ်း မဟုတ်ကြောင်းကို ခိုင်မာစွာ သက်သေ ပြလျှက် ရှိတော့သည်။

**(၁၁၇၀) ضَالًّا ဿွလ** ဆိုသည်မှာ မူလ လမ်းကြောင်းတစ်ခုမှ လွဲချော်ခြင်း၊ လွဲရှောင်ခြင်း၊ ဆိုသည့် အဓိပ္ပါယ်ကိုပေးကြောင်း ကျမ်းတော် တစ်အုပ်လုံးတွင် များစွာသော နေရာများ၌ ဖော်ပြထားပေသည်။ ဤနေရာ၌ ကိုယ်တော် မုဟမ္မဒ်သည် သူ့လူမျိုးတို့၏ မိရိုးဖလာတည်းဟူသော မူလလမ်းကြောင်းမှ လွဲရှောင်လျှက်– တရားစစ် တရားမှန်ကို ရရှိရန်ကြိုးစားနေချိန်ကို ဖော်ပြသည်။ ကိုတော်သည် လမ်းလွဲနေသူ မဟုတ်ချေ၊ (၅၃း၂)။ မိရိုးဖလာ လမ်းကြောင်းမှ ရှောင်ထွက်နေသူသာ ဖြစ်ပေသည်။ ထိုသို့လုံ့လပြုနေသောကြောင့် ပရမတ်ဘုရားရှင် ဖြစ်သော အလ္လာဟ်အရှင်က လောကဓမ္မ စစ်စစ်၊ လမ်းမှန်သို့ ညွှန်ကြားခဲ့သည်၊ လမ်းမှန်ကို ရစေခဲ့သည်ဟု ဆိုပေသည်။

**(၁၁၇၁)** မိဘမဲ့တို့အား ကိုယ်တော်က နှိပ်စက်ညှင်းပန်း၊ အညွှန့်ချိုးနေ၍– အလ္လာဟ်အရှင်က တားမြစ်ရခြင်း မဟုတ်ချေ။ **تَقْهَرْ** မှာ ရင်းမြစ် ق ه ر မှ ဆင့်ပွားခြင်း ဖြစ်၍ "ဖူးခြာ၊ အမြင့်ဆုံးမှထီးတော်" ဟု ဖြစ်သည်၊ မိဘမဲ့တို့၏ ဘဝနိမ့်ကျ နွမ်းပါးနေရခြင်းမှ အုပ်ချုပ်သူတို့၏ ဥပဒေပြဋ္ဌာန်းမှု ညံ့ဖျင်းသောကြောင့် ဖြစ်ကြောင်း – သို့ဖြစ်၍ ကိုယ်တော်သည် အုပ်ချုပ်သူ ဖြစ်လာသော အချိန်တွင် မိဘမဲ့တို့အား ဥပဒေအရ အကာအကွယ်ပေးရန် ပညတ်ခြင်း ဖြစ်ပေသည်။ ဤ ဥပဒေသည် အစ္စလာမ် သာသနာဝင် အားလုံးနှင့် သက်ဆိုင်ပေသည်။

**(၁၁၇၂)** ဤသုတ်တော်မှ **السَّائِلَ ဆာလ်အေလ်** ဆိုသည်မှာ သူတောင်းစား တစ်မျိုးတည်းကို ဆိုလိုခြင်း မဟုတ်ချေ၊ ရသင့်ရထိုက်သော လူ့အခွင့်အရေးကို တောင်းဆိုသူများလည်း အကြုံးဝင်ပေသည်။ တရားမျှတသော အခွင့်အရေးကို တောင်းဆိုလာခဲ့လျှင် ဖြစ်နိုင်ချေ အရှိဆုံးကို ညှိနှိုင်းဆောင်ရွက် ပေးရမည် ဖြစ်သည်။

**(၁၁၇၃)** ထိုသို့တရားမျှတသော ဥပဒေများကို ချမှတ်ပေးခြင်းမှာ လောကခပ်သိမ်း၏ ကံကြမ္မာရှင်၊ ပရမတ်ဘုရားရှင်သာ ဖြစ်ကြောင်းကို ရင့်ကျူးရဲသော သတ္တိများ ရှိရပေမည်။